## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ (၂၂-၉-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁ | **ဦးစန်းမောင်၊ ဘိုကလေးမဲဆန္ဒနယ်**က ဧရာဝတီတိုင်းဒေသကြီး၌ ဓာတ်မြေသြဇာစက်ရုံကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က အရည်အသွေးပြည့်မီသော သဘာဝဓာတ်ငွေ့ရရှိနိုင်မှုနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ချိတ်ဆက်နိုင်မှု အခြေအနေများအရ လတ်တလောတွင် တည်ဆောက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၂ | **ဦးဝင်းဆွေ(ခ) ဦးဝင်းရွှေ၊ လပွတ္တာမဲဆန္ဒနယ်**က လပွတ္တာမြို့နယ်အတွင်းရှိ လယ်ယာလုပ်ငန်းခွင်များနှင့် ရေယာဉ်များတွင် အသုံးပြုရန်အတွက် စက်သုံးဆီအား လွယ်ကူအဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**က စက်သုံးဆီများအား လွယ်ကူအဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း နှင့် လိုအပ်ချက်ရှိလာပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၃ | **ဦးအောင်ဇော်မိုး(ခ)အောင်ဇော်မိုးထွန်း၊ မူဆယ်မဲဆန္ဒနယ်**က မူဆယ်မြို့တွင် စက်သုံးဆီဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရန်အတွက် စက်သုံးဆီကိုတရုတ်နိုင်ငံမှ တင်သွင်းနိုင်ရေးသွင်းကုန်လိုင်စင်အား မည်သည့်အချိန်တွင် စတင်ချထားပေးမည်၊ အစီအစဉ် မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က နယ်မြေလုံခြုံရေးအရ ယခုဘဏ္ဍာနှစ်အတွင်း စက်သုံးဆီတင်သွင်းရန် အခက်အခဲရှိနေသော်လည်း အခြားနယ်စပ်စခန်းများမှ တင်သွင်းနိုင်မှုအခြေအနေများအရ စိစစ်၍ တင်သွင်းခွင့်ပြုနိုင်ရန် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄ | **ဦးနိုင်ဝင်း၊ ခနေဖြူမဲဆန္ဒနယ်**က ခနေဖြူမြို့နယ်၊ ဖန်ခါးကွင်း၊ ကျွဲတလင်းနှင့် ညောင်ကုန်းကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပြုပြင်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က လမ်းအကျယ်ရရှိရေး ညှိနှိုင်းဆောင်ရွက်ပြီး ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းအား ယခုဘဏ္ဍာနှစ် ရန်ပုံငွေအကန့်အသတ်အတွင်းမှ ပြင်ဆင်သွားမည်ဖြစ်ပြီး ထပ်မံလိုအပ်ပါက ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅ | **ဦးကျော်သန်း၊ မာန်အောင်မဲဆန္ဒနယ်**က မာန်အောင်မြို့နယ်၊ ဆင်နားချောင်ကျေးရွာမှ ဒိုးတန်းကျေးရွာအထိ ကျန်ကျောက်ချောလမ်းအား ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပျက်စီးနေသည့်လမ်းပိုင်း ၃/၂.၃ မိုင်အား ဖြုန်းကျောက်စရစ်ခင်းခြင်းနှင့် ကျန်လမ်းပိုင်း ၂.၅ ဖာလုံအား ကွန်ကရစ်ခင်းခြင်းကို လာမည့်ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆ | **ဦးရားနီ၊ ပူတာအိုမဲဆန္ဒနယ်**က ပူတာအိုမြို့နယ်၊ ပန်းလှိုင်ရပ်ကွက်နှင့် ပူတောင်းကျေးရွာဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က ၂၀၂၇ -၂၀၂၈ ဘဏ္ဍာနှစ်တွင် ပန်းလှိုင်-ပူတောင်း-မုဒုံလမ်း ၂/၇ မိုင်အနက် ၄ ဖာလုံအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၇ | **ဦးစိုးဝင်း၊ မိုးညှင်းမဲဆန္ဒနယ်**က မိုးညှင်းမြို့နယ်၊ မိုးညှင်း-ညောင်ကိုင်း-ကာတူလမ်းပေါ်တွင် သံကူကွန်ကရစ် နန့်ရင်းချောင်းကူးတံတား (၁)စင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က နန့်ရင်းချောင်းကူးတံတားသည် ဒုတိယဦးစားပေးလမ်းပေါ်တွင် တည်ရှိသဖြင့် သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် လတ်တလောဦးစားပေးအစီအစဉ်တွင် မပါဝင်သေးပါကြောင်း ဖြေကြားပါသည်။ |
| ၈ | **ဦးစိုင်းကံ၊ မိုင်းရှူးမဲဆန္ဒနယ်**က မိုင်းရှူးမြို့နယ်၌ အားကစားကွင်း ပွဲကြည့်စင်အား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **အားကစားရေးရာဝန်ကြီးဌာန**က (၁၃၀ ပေ x ၃၀ ပေ) ကွန်ကရစ်ပွဲကြည့်စင် ၂ထပ် တည်ဆောက်ခြင်းအား အနီးစပ်ဆုံး ဘဏ္ဍာနှစ်ရန်ပုံငွေတွင် လျာထားတင်ပြပြီး ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၉ | **ဦးထွန်းထွန်းအောင်၊ မိုးကောင်းမဲဆန္ဒနယ်**က မိုးကောင်းမြို့၊ မြို့နယ်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ အောက်ခင်းကြမ်းပြင်ပြုပြင်ပေးရန်နှင့် ဘောလုံးကွင်းပွဲကြည့်စင်တစ်ခု ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **အားကစားရေးရာဝန်ကြီးဌာန**က အောက်ခင်းကြမ်းပြင်ပြုပြင်ခြင်းနှင့် (၈၀ ပေ x ၃၀ ပေ) ပွဲကြည့်စင် တည်ဆောက်ခြင်းအား အနီးစပ်ဆုံး ဘဏ္ဍာနှစ် ရန်ပုံငွေတွင် ထည့်သွင်းလျာထားနိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၁၀ | **ဦးစိုးတင့်နိုင်၊ မကွေးမဲဆန္ဒနယ်**က မကွေးမြို့နယ်တွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **အားကစားရေးရာဝန်ကြီးဌာန**က မြေဧရိယာ (၅၂.၀၉)ဧကအား ဝန်ကြီးဌာနပိုင် အခမဲ့မြေလွှဲမိန့် ရရှိပြီးပါက တည်ဆောက်ပေးနိုင်ရေး နီးစပ်ရာဘဏ္ဍာနှစ် ရန်ပုံငွေတွင် လျာထားတင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁၁ | **ဦးမြင့်ကို၊ တနိုင်းမဲဆန္ဒနယ်**က တနိုင်းမြို့နယ်၊ ကင်ဆားရပ်ကွက် ပြည်သူ့အားကစားကွင်း၌ ဘောလုံးကွင်းပတ်လမ်း၊ ပွဲကြည့်စင်၊ လူငယ်လေ့ကျင့်ရေး ဘောလုံးကွင်းနှင့် ဖူဆယ်ဘောလုံးကွင်းရုံတို့ကို တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **အားကစားရေးရာဝန်ကြီးဌာန**က ရိုးရိုးတန်းပွဲကြည့်စင်နှင့် ဖူဆယ် အားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်းအား အနီးစပ်ဆုံး ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားနိုင်ရေး တင်ပြခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၁၂ | **ဦးကျော်သူရ၊ လက်ပံတန်းမဲဆန္ဒနယ်**က လက်ပံတန်းမြို့နယ် အုန်းကုန်းရွာတွင် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှု ကာကွယ် ထိန်းသိမ်းရေးအတွက် စီမံချက်များအား လာမည့်ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်း ပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာန**က အုန်းကုန်းရွာ ကမ်းပြိုကမ်းစားမှု ကာကွယ်နိုင်ရေးအတွက် ယခင်နှင့် ယခုဘဏ္ဍာနှစ်တို့တွင် ဆောင်ရွက်ပေးခဲ့ပြီး ရေလမ်းကြောင်းပြောင်းလဲမှုအရ ကျန်ရှိသည့်လုပ်ငန်းများကို ကွင်းဆင်းတိုင်းတာပြီး ရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၁၃ | **ဦးရဲထွန်းဝင်း၊ သရက်ချောင်းမဲဆန္ဒနယ်**က သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ရပ်ကွက်ရှိ ဆင်ဖြူပြင် ဆိပ်ခံဘောတံတားအား သံကူ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာန**က ဒေသခံရေယာဉ်များ ဆိုက်ကပ်နိုင်ရေးနှင့် ကုန်စည်များ တင်/ချနိုင်ရေး ဆိပ်ခံဖောတံတားနှင့် ပေါင်းကူးတံတား အသုံးပြုနိုင်ရန် ပြုပြင်ခြင်းလုပ်ငန်းများအား ယခုနှစ် နှစ်ကုန်အပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၄ | **ဦးရယ်ဒမ်းတန်၊ နောင်မွန်းမဲဆန္ဒနယ်**က နောင်မွန်းမြို့ ကဆန်ချောင်း ကမ်းပြိုကာကွယ်ရေးအတွက် မြေထိန်းနံရံ ထပ်မံမြှင့်တင် တည်ဆောက် ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာန**က ပျက်စီးနေသည့် ကမ်းထိန်းနံရံများအား ပြုပြင်ခြင်းနှင့် တိုက်စားလွယ်သောကမ်းပါးများအား အမြင့် ၁၀ ပေ အထိ မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကွင်းဆင်း တိုင်းတာစစ်ဆေးပြီး ရန်ပုံငွေတွင်လျာထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁၅ | **ဦးအောင်ဇော်ထက်၊ ဆိပ်ဖြူမဲဆန္ဒနယ်**က ရေဝတီမြစ်ကမ်း ဆိပ်ဖြူဘက်ခြမ်းတွင် သောင်တူးဖော်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာန**က ဆိပ်ဖြူဘက်ခြမ်း သောင်တူးဖော်ခြင်းလုပ်ငန်းသည် ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်မှုလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုကာကွယ်ပေးနိုင်၍ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၁၆ | **ဒေါက်တာငွေးဝင်း၊ အင်္ဂပူမဲဆန္ဒနယ်**က အင်္ဂပူမြို့နယ်၊ နောက်မီးအုပ်စုနှင့် ဝက်လဟာအုပ်စုအတွင်းရှိ ကျေးရွာများ မြစ်ကမ်းထိန်းခြင်းနှင့် မြစ်ကြောင်းလွှဲခြင်း လုပ်ငန်းအား အရေးတကြီး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာန**က ကမ်းပြိုကမ်းစားခြင်းမှ ရေရှည်ကာကွယ်နိုင်ရန် သွယ်ဝိုက်ကာကွယ်သည့် နည်းစနစ်ဖြစ်သည့် Pilot Channel မြစ်ဖြတ်မြောင်း ဖောက်လုပ်နိုင်ရေးအတွက် ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆွေးနွေးပြီး ရလဒ်အပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |